# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 6 , 2024 Volume 76, Number 4

၆.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၂၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၄.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၂.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ကုန်သွယ်မှုမြှင့်တင်ရေးအရာရှိ သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူး၍ ကုန်သွယ်မှုမြှင့်တင်ရေး အရာရှိသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့၊ နံနက် (၀၉:၀၀) နာရီ အချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်ပြီး အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှာပါဝင်သည့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အဓိကမောင်းနှင်အားဖြစ်ပြီး နိုင်ငံတော်၏ကုန်သွယ်မှုမှာ အဓိကကျသည့် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို ပြည်တွင်း/ပြည်ပကုန်သည်လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် ကမ္ဘာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (World

Trade Promotion Organization – WTPO)၊ အာရှကုန်သွယ်မှုမြှင့်တင်ရေးဖိုရမ် (Asian Trade Promotion Forum–ATPF) တို့အပါအဝင် ဒေသတွင်းကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသောကြောင့် ကုန်သွယ်မှုမြှင့်တင်ရေး အရာရှိ (Trade Promotion Officer–TPO) များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါပါကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို အဓိကတာဝန်ယူ ထမ်းဆောင်နေရသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာသိရှိနားလည်မှသာ ထိရောက်သည့် ရလဒ်များ ရရှိနိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးထံသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်ပွဲ အထိမ်းအမှတ်တံဆိပ်အား ဂါရဝပြုပေးအပ်ခဲ့ပါသည်။ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးအရာရှိ (Trade Promotion Officer – TPO) သင်တန်းကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သင်တန်းသား/သင်တန်းသူများ တက်ရောက်မည်ဖြစ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးအရာရှိများ သိသင့်သိထိုက်သည့် စာတွေ့လက်တွေ့အသိပညာ၊ အတွေ့အကြုံနှင့် ဗဟုသုတများကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ နည်းပြများ၊ နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များမှ နည်းပြများက (Physical / Virtual) စနစ်ဖြင့် ရက်သတ္တပတ် (၂) ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**Source: myantrade.gov.mm**

## ပို့ကုန်ရငွေမူဝါဒ မတည်ငြိမ်မှုကြောင့် ဆန်ကြမ်းဈေးကျပြီး အရောင်းအဝယ်အေး

ပို့ကုန်တင်ပို့မှုကနေ ရရှိလာတဲ့ နိုင်ငံခြားငွေအပေါ် ထိန်းကျောင်းမှုပုံစံ မတည်မငြိမ်ဖြစ်နေလို့ ယခုရက်ပိုင်းမှာ ပြည်ပပို့ကုန် ဆန်ကြမ်းဈေး အနည်းငယ်ကျဆင်းလာပြီး အရောင်းအဝယ်အေးနေကြောင်း ပို့ကုန်လုပ်ငန်းရှင် အသိုင်းအဝိုင်းကနေ သိရပါတယ်။

ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်မှာ ပြည်ပတင်ပို့တဲ့ ဆန်ကြမ်းဈေးနှုန်းက အမျိုးအစားအလိုက် တစ်အိတ်ကို ကျပ် ၅,၀၀၀ ကနေ ကျပ် ၁၀,၀၀၀ ဝန်းကျင်အထိ ကျဆင်းသွားပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တုန်းက ပြည်ပပို့ကုန် ဆန်ကြမ်းတစ်အိတ် ဈေးနှုန်းက ကျပ် ၈၅,၀၀၀ ခန့် ဈေးရှိခဲ့ရာကနေ လက်ရှိမှာတော့ ကျပ် ၇၅,၀၀၀ ကနေ ကျပ် ၈၀,၀၀၀ အထိ ကုန်သည်တွေကနေ ဈေးချဝယ်လာပါတယ်။

ပို့ကုန်ရငွေနဲ့ပတ်သက်တဲ့ အပြောင်းအလဲအချို့ကြောင့် ယခုရက်ပိုင်းမှာ ပို့ကုန်ဆန်ကြမ်း အရောင်းအဝယ်အေးသွားလို့ ဈေးကျဆင်းရတာလို့ ဆန်ပို့ကုန်လုပ်ငန်းရှင်အချို့က ပြောကြပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တုန်းက ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တစ်ရက်ကို ဆန်အိတ်ရေ ခုနှစ်သောင်းကနေ ရှစ်သောင်းလောက်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပေမဲ့ ယခုရက်ပိုင်းမှာတော့ အိတ်ရေ ငါးသောင်းဝန်းကျင်လောက်ပဲ အရောင်းအဝယ်ဖြစ်နေပါတယ်။

ဒီအပြင် ယခုလကုန်ပိုင်းမှာ နွေစပါးတွေလည်း ထွက်ပေါ်လာဖို့ရှိနေတာကြောင့် ဆန်ကြမ်းဈေးနှုန်းတွေ ထပ်မံကျဆင်းနိုင်ခြေရှိတယ်လို့လည်း ကုန်သည်တွေက သုံးသပ်ထားပါတယ်။ လုပ်ငန်းရှင်အသိုင်းအဝိုင်းကနေ သိရှိချက်အရ ဆန်၊ ဆန်ကွဲ၊ ပဲ၊ ပြောင်း ပြည်ပတင်ပို့မှုကနေ ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းက ဈေးကွက်ပေါက်ဈေးအတိုင်း စက်သုံးဆီနဲ့စားသုံးဆီ တင်သွင်းတဲ့ကုမ္ပဏီတွေထံ ရောင်းချခွင့်ပြုထားရာကနေ ငွေလဲနှုန်းတစ်ခုသတ်မှတ်ပြီး AD လိုင်စင်ရဘဏ်တွေထံရောင်းချဖို့ ညွှန်ကြားလိုက်ခြင်းလည်းဖြစ်ပါတယ်။

ဖေဖော်ဝါရီလကုန်ပိုင်းမှာ ဗဟိုဘဏ်က ပို့ကုန်လုပ်ငန်းရှင်တွေကို ခေါ်ယူတွေ့ဆုံခဲ့ပြီး AD လိုင်စင်ရဘဏ်တွေထံ ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်းကို တစ်ဒေါ်လာ ၃၀၈၈ ကျပ်မှ ၃၁၅၅ ကျပ်အတွင်းဈေးနဲ့ ရောင်းချပေးဖို့ ပြောင်းလဲသတ်မှတ်ခဲ့တယ်လို့ ပြောဆိုမှုတွေရှိခဲ့ပါတယ်။

ဒါကြောင့် ဆန်၊ ဆန်ကွဲ ပြည်ပတင်ပို့မှုအပေါ် သက်ရောက်မှုရှိခဲ့တာဖြစ်ပြီး မူဝါဒတည်ငြိမ်မှုမရှိတာကြောင့် ပို့ကုန်တင်ပို့ရာမှာ ဆုံးရှုံးမှုတွေ ကြုံတွေ့ရနိုင်တယ်လို့ သုံးသပ်ထားကြပါတယ်။ ပို့ကုန်ရငွေကို နှုန်းထားတစ်ခုနဲ့ ရောင်းပေးရမယ်ဆိုတဲ့ ထုတ်ပြန်ချက်မျိုးတော့ ဗဟိုဘဏ်ဘက်က တရားဝင်ကြေညာထားတာမျိုးတော့ မရှိပါဘူး။

Souce: BETV Business

## ကုလားပဲ ဝယ်လိုအားနည်းပြီး ဈေးကျနေ




ပြည်တွင်းကုလားပဲအသစ်များ ဈေးကွက်သို့ ဝင်ရောက်နေပြီး အဝယ်နည်း၍ ဈေးများဆက်တိုက်ကျဆင်းနေကြောင်း ပဲကုန်သည်များထံမှသိရသည်။ ယခင် အိန္ဒိယနိုင်ငံမှ ပဲဈေးတက်နေခြင်းကြောင့် လိုက်လံမြင့်တက်နေခြင်းဖြစ်ပြီး လက်ရှိ ကုလားပဲအသစ်များ ဈေးကွက်ထဲ ဝင်ရောက်နေသော်လည်း အဝယ်အေးနေခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း ကုန်သည်တချို့က သုံးသပ်ကြသည်။

"ကုလားပဲဈေးက ဖေဖော်ဝါရီလလယ်ပိုင်းကနေ ကျလာတာ။ အခုရက်ပိုင်းမှာတော့ မဆိုးသလောက်လေး တက်ရိပ်ပြတယ်။ ဒါပေမဲ့ ပြီးခဲ့လနဲ့ ယှဉ်ရင်တော့တော်တော်ကျတယ်။ ကုလားပဲအသစ်တွေကလည်း ဝင်နေတော့ ဈေးကဆက်တိုက်ကျလာတာ" ဟု မန္တလေးမြို့မှ ပဲကုန်သည်တစ်ဦးကပြောသည်။ ပြီးခဲ့သည့်လ ပထမအပတ်က ကုလားပဲ ပိဿာ ၂၀ တစ်အိတ်လျှင် အောင်လံဈေး ၉၉,၀၀၀ ရှိခဲ့ရာမှ လက်ရှိကုလားပဲ ပိဿာ ၂၀ တစ်အိတ်လျှင် ၈၇,၀၀၀ မှ ၈၈,၀၀၀ ထိသာရှိတော့ကြောင်းသိရသည်။ တစ်လအတွင်း ကုလားပဲတစ်အိတ်ကို ငွေကျပ် ၁၀,၀၀၀ ကျော် ဈေးကျဆင်းသွားသည်။

ကုလားပဲမှာ ပြည်တွင်းစားသုံးမှု များစွာရှိနေခြင်းကြောင့်သာ ဈေးအများကြီးကျဆင်းသွားခြင်းမရှိကြောင်း သိရသည်။ "ကုလားပဲက ပြည်တွင်းစားတာ များတယ်။ နိုင်ငံခြားသွားဖို့လဲမရှိဘူး၊ ပြည်တွင်းစားသုံးမှုရှိလို့ တော်သေးတာ၊ အသစ်ဝင်ပေမဲ့ လုပ်ငန်းသုံးသမားပဲ အဝယ်ရှိတာ"ဟု အောင်လံကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ဖေဖော်ဝါရီလ ပထမပတ်က မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲ(929) ၅၆ ဒသမ ၂၅ ပိဿာလျှင် ၂,၃၅,၀၀၀ မှ ၂,၃၆,၀၀၀၊ ကုလားပဲ (TW) လျှင် ၂,၃၅,၀၀၀ ကျပ်ရှိကြောင်း သိရသည်။ လက်ရှိ မန္တလေးဈေးကွက်တွင် ဝမ်းတွင်း၊ သဲတော၊ စစ်ကိုင်း၊ မုံရွာဘက်မှ ကုလားပဲအသစ်များ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ တောင်သူအများစုအနေဖြင့် ကုလားပဲမျိုးကို မျိုးချန်စနစ်ဖြင့် စိုက်ပျိုးကြပြီး နှစ်စဉ် ကုလားပဲကို အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဧကပေါင်း တစ်သိန်းကျော်ထိ စိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံ စိုက်ဧက ၁၁ သန်းကျော်ရှိပြီး ကုလားပဲ ၈ ရာခိုင်နှုန်း၊ ပဲတီစိမ်း ၂၆ ရာခိုင် နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း၊ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ ဆောင်းကုလားပဲများကို အောက်တိုဘာလတွင် မိုးရေအစိုဓာတ်ဖြင့်လည်းကောင်း၊ ရေစက်များဖြင့် ရေတင်၍လည်းကောင်း ယာမြေများ၌စိုက်ပျိုးကြကြောင်း၊ V2 မျိုးနှင့် ရိုးရိုးကုလားပဲလုံးအသေးမျိုးများကို စိုက်ပျိုးကြသည့်အနက် V2 ကုလားပဲမျိုးကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**Source: AMIA**

https://t.me/htwettoe

## ဖေဖော်ဝါရီလ၌ ဆန်နှင့်ဆန်ကွဲတင်ပို့မှုက ၁၁ လအတွင်း အမြင့်ဆုံးဖြစ်

ဖေဖော်ဝါရီလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ၂,၆၂,၁၁၆ တန် တင်ပို့ရာမှ အမေရိကန်ဒေါ်လာ ၁၃၉ သန်း ရရှိပြီး ၁၁ လအတွင်း အများဆုံးတင်ပို့နိုင်မှုဖြစ်ကြောင်း မြန်မာဆန်စပါးအသင်းချုပ်ကပြောသည်။

ကုမ္ပဏီပေါင်း ၅၉ ခုမှ ဖေဖော်ဝါရီလအတွင်း ဆန်တန်ချိန် ၁,၆၇,၄၄၅ နှင့် ဆန်ကွဲတန်ချိန် ၉၄,၆၇၁ တန် စုစုပေါင်း ၂,၆၂,၁၁၆ တန် တင်ပို့ခဲ့ခြင်းဖြစ်သည်။ ၁၁ လအတွင်း၌ ပင်လယ်ရေကြောင်းမှ တန်ချိန် ၁၃,၄၃,၅၁၀ နှင့် နယ်စပ်ကုန်သွယ်ရေးမှ ၈၅,၇၁၃ တန်ချိန် တင်ပို့ခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလအတွင်း နိုင်ငံများ၏ဆန်တင်ပို့မှုသည် အင်ဒိုနီးရှားသို့ တန်ချိန် ၈၉,၂၉၀၊ စပိန်သို့ ၂၅၀၀၀၊ ပိုလန်သို့ ၁၉,၄၅၈ တန်၊ ဖိလစ်ပိုင်သို့ ၁၁,၉၅၀၊ မလေးရှားနိုင်ငံသို့ ၆၁၄၂ နှင့် အခြားသော နိုင်ငံ ၁၈ နိုင်ငံသို့ ၁၅,၆၀၅ တန် တင်ပို့ခဲ့ခြင်းဖြစ်သည်။ ဆန်ကွဲတင်ပို့မှုမှာ ဘယ်ဂျီယမ်သို့ ၃၄,၇၅၀ တန်၊ တရုတ်သို့ ၁၉,၃၁၃ တန်၊ ဗီယက်နမ်သို့ ၁၄,၆၆၂ တန်၊ ပိုလန်သို့ ၁၂,၄၁၅ တန်၊ အင်ဒိုနီးရှားသို့ ၄၄၄၆ တန်နှင့် အခြားသော ၁၀ နိုင်ငံသို့ ၉၀၈၅ တန် တင်ပို့ခဲ့ကြောင်း ဆန်စပါးအသင်းချုပ်ကဆိုသည်။

ဧပြီမှဖေဖော်ဝါရီကြားကာလ ဆန်တင်ပို့မှုနှုန်းထားသည် တန်ချိန် ၁၄,၂၉,၂၂၃ တန်ရှိကာ နိုဝင်ဘာတွင် တန်ချိန် ၁,၇၅,၉၉၀ ဖြင့် ဒေါ်လာသန်း ၉၀ ဖိုး၊ ဒီဇင်ဘာတွင် ၁,၉၅,၈၂၉ တန်ဖြင့် ဒေါ်လာ ၉၉ သန်း၊ ဇန်နဝါရီတွင် ဒေါ်လာ ၁၁၁ သန်းရှိ တန်ချိန် ၂,၁၃,၆၀၅ တန်နှင့် ဖေဖော်ဝါရီတွင် ၁၁ လအတွင်း အမြင့်ဆုံးအဖြစ် တန်ချိန် ၂,၆၂,၁၁၆ တန်ဖြင့် ဒေါ်လာ ၁၃၉ သန်းဖိုး တင်ပို့ခဲ့ရခြင်းဖြစ်သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026466

## အထက်မင်းလှမြို့နယ်၌ စပျစ်သီးများ လှိုင်လှိုင်ထွက်



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အထက်မင်းလှမြို့ပေါ်ရှိ အမှတ် ၁၀ ရပ်ကွက်နှင့်အထက် မင်းလှမြို့နယ်အတွင်း ကျေးရွာများဖြစ်သော ရွာတော်၊ ပန်းတော်ပြင်၊ မယ်ဇလီတောစသည့် ကျေးရွာများတွင် စပျစ်သီးနှံများကိုစိုက်ပျိုးကြရာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ တတိယပတ်မှစတင်၍ စပျစ်သီးများ ခူးဆွတ်ရောင်းချရပြီး ဖေဖော်ဝါရီလ၊ စတုတ္ထပတ်တွင်စပျစ်သီးများ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်ကြောင်း သိရသည်။

စပျစ်သီးနှံစိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် စပျစ်အပင်ရေ ၂၀၀ ခန့်စိုက်ပျိုးနိုင်ပြီး သက်တမ်းအနေဖြင့် ၉ နှစ်ခန့်ကြာမြင့်ကြောင်း၊ မျိုးအနေဖြင့် စပျစ်မျိုး ၈၀၀၀ ကျော်ရှိသည့်အနက် Black Queen နှင့် Big Black စပျစ်မျိုးကို ကိုင်းဖြတ်ပျိုးထောင်စနစ်ဖြင့် စင်တင်၍ စိုက်ပျိုးထားသည့်အပြင် စပျစ်သီးအချွန်မျိုးကိုလည်း အပင်ရေအနည်းငယ် စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးရာတွင် ဆောင်းစပျစ်နှင့် မိုးစပျစ်ဟူ၍ စိုက်ပျိုးထားရှိပြီး မိုးစပျစ်ကို ဝိုင်ထုတ်လုပ်ရန်အတွက်သာ အသုံးပြု၍ ဆောင်းစပျစ်ကို အသီးစားသုံးရန်အတွက်ရောင်းချကြကြောင်း၊ ဆောင်းစပျစ်မှာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလဆန်းတွင် အဖူးအပွင့်များ စတင်ဖူးပွင့်၍ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ တတိယပတ်တွင် စတင်ခူးဆွတ်နိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် တစ်နှစ်လျှင် စပျစ်ခြံပြန်လည်ပြုပြင်ခြင်း၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းကျပ်သိန်း ၅၀ ကျော်ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ယခုနှစ်တွင် ရာသီဥတုနှင့် သီးနှံအထွက်နှုန်းကောင်းမွန်သည့်အတွက် ပိဿာချိန် ၇၀၀ မှ ၈၀၀ ကြား ထွက်ရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ဈေးနှုန်းအနေဖြင့် Black Queen စပျစ်သီး တစ်ပိဿာလျှင်ကျပ် ၁၀,၀၀၀ ဖြင့်လည်းကောင်း၊ Big Black စပျစ်သီးတစ်ပိဿာလျှင်ကျပ် ၁၅,၀၀၀ ဖြင့်လည်းကောင်း၊ စပျစ်အချွန်သီးတစ်ပိဿာလျှင် ကျပ် ၁၅,၀၀၀ ဖြင့်လည်းကောင်း ရောင်းချလျက်ရှိပြီး ဈေးကွက်အနေဖြင့် မင်းလှမြို့ သစ်သီးဆိုင်များမှ စပျစ်ခြံသို့ လာရောက်ဝယ်ယူကြကြောင်းသိရသည်။

**Source: DOCA (မကွေး)**

**https://commerce.gov.mm**

## လပွတ္တာမြို့နယ်မှ ငါးစည်ဖောင်းခြောက်များ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းနေ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ငါးစည်ဖောင်းခြောက်များ ရန်ကုန်ဈေးကွက်ကဝယ်ယူမှုကောင်းနေကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုကပြောပြသည်။ လပွတ္တာမြို့နယ်မှ ထွက်ရှိသော ငါးစည်ဖောင်းခြောက်များကို ပြည်တွင်းရန်ကုန်ဈေးကွက်က ဖေဖော်ဝါရီလ ဒုတိယပတ်ကစတင်ပြီး ယနေ့(မတ်လ-၅)ရက်နေ့

ထိ ဝယ်ယူမှုကောင်းလာကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက်များသည် ငါးရွှေငါး၊ နတ်ကတော်ငါး၊ ငါးရောင်၊ ငါးပုတ်သင်စသည့်ငါးများကို ဝမ်းဗိုက်ခွဲပြီး အတွင်းမှရရှိသည့်စည်ဖောင်းများကို စနစ်တကျသန့်စင်နေပူလှန်း အခြောက်ခံ ရရှိခြင်းဖြစ်သည်။

"လပွတ္တာမြို့နယ်ကထွက်တဲ့ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုသိသိသာသာ ကောင်းနေပါတယ်။ ဒေသထွက် ငါးစည်ဖောင်းခြောက်တွေကို ပြည်တွင်းဈေးကွက်ရန်ကုန်သို့ အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလ ဒုတိယပတ်မှ မတ်လ-၅ ရက်နေ့ထိ ငါးစည်ဖောင်းခြောက် ပိဿာချိန် ၇၅၀၀ ထိ တင်ပို့ရောင်းချထားရကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက် တစ်ပိဿာဈေးနှုန်းသည် ငါးရွှေ ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅,၀၀၀၊ နတ်ကတော်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၇,၀၀၀၊ ငါးရောင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၂,၅၀၀ မှ ၃၅,၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅,၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ထိုင်းသစ်သီးတင်ပို့မှုကို မြှင့်တင်ရန်ရည်ရွယ်၍ ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နိုင်ငံတကာ သစ်သီးတင်သွင်းသူများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ရှိ

ထိုင်းစိုက်ပျိုးရေးထုတ်ကုန်များကို ရာသီပတ်လုံး ဈေးနှုန်းတည်ငြိမ်စွာ ရရှိနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် ပဏာမ လုပ်ငန်းစဉ် ၃၅ ခုကို ကြေညာခြင်းနှင့် ဈေးကွက်သစ်များ ရှာဖွေရန် နိုင်ငံတကာမှ သစ်သီးတင်သွင်းသူများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားခဲ့ပါသည်။

ကုန်သွယ်ရေးအတားအဆီးများကို ခုနှိမ်ရန် လတ်ဆတ်နှင့်ပြုပြင်ပြီးသော အသီးများနှင့် စိုက်ပျိုးရေးထုတ်ကုန်များအတွက် စီးပွားရေးလုပ်ငန်းချိတ်ဆက်မှုစီမံချက်ကို ကြေညာခဲ့ပါကြောင်း၊ ယခု စီမံချက်သည် ထိုင်းစိုက်ပျိုးရေးထုတ်ကုန်များအတွက် ဈေးကွက်ရရှိရန် ၁၉ နိုင်ငံမှ အဓိကတင်ပို့သူများနှင့် တင်သွင်းသူများကို ဖိတ်ကြားပြီး ရိတ်သိမ်းရာသီမရောက်မီ ကြိုတင် ကုန်သွယ်ချိတ်ဆက်ခြင်းဖြစ်ကြောင်း၊ တစ်ခါတစ်ရံတွင် သစ်သီးများသည် ဝယ်လိုအားထက် ရောင်းလိုအားက ပိုနေတတ် ပါကြောင်း၊ ရောင်းလိုအားများနေခြင်းသည် ဆိုးဆိုးရွားရွားမဟုတ်သော်လည်း စီမံခန့်ခွဲမှုတွင် ပြဿနာဖြစ်နေပါကြောင်း၊ စိုက်ပျိုးရေးထုတ်လုပ်မှုတွင် နိုင်ငံတွင်းရော နိုင်ငံပြည်ပရှိ ထုတ်လုပ်သူနှင့်စားသုံးသူတို့၏ အကျိုးစီးပွားအတွက် ထိထိ ရောက်ရောက် စီမံခန့်ခွဲရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးကပြောကြားခဲ့သည်။

အစိုးရအဖွဲ့အစည်းများ၊ တောင်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များပါဝင်သော ပဏာမဆောင်ရွက်ချက်ကို ပြည်ပ လုပ်ငန်းများနှင့် ထိုင်းတင်ပို့သူများက သိသိသာသာ စိတ်ဝင်စားကြပြီး ဘတ် ၂ ဘီလီယံ တန်ဖိုးရှိသော ကုန်သွယ်ရေးစာချုပ် ၅ ခုထိ ရရှိခဲ့ပါကြောင်း၊ နိုင်ငံ၏ဝင်ငွေရရှိနိုင်ရေးတွင် ပုဂ္ဂလိကကဏ္ဍသည် ရှေ့ဆုံး၌ရှိသဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဟန့်အတားဖြစ်စေသော ဥပဒေများကိုပြင်ဆင်ရန် ဝန်ကြီးချုပ်က ပြောကြားထားပါကြောင်း၊ လုပ်ငန်းကြီး များအနေဖြင့်လည်း လုပ်ငန်းငယ်များနှင့် လက်တွဲလုပ်ကိုင်ရန် အားပေးလိုကြောင်း၊ ထိုင်းလုပ်ငန်းရှင်များသည် ကမ္ဘာ့ ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်၊ ထုတ်ကုန်များ၏ စဉ်ဆက်မပြတ်စေရေးနှင့် ပင်ရင်းစည်းမျဉ်းများကို မြှင့်တင်ရန် ဝန်ကြီးကဖြည့်စွက်ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနအနေဖြင့်လည်း ပြည်တွင်းပြည်ပသို့ လတ်ဆတ်နှင့်ပြုပြင်ပြီး သစ်သီးများနှင့် စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုမြှင့်တင်ရေးကို အရှိန်မြှင့်စေလိုကြောင်း၊ ရှိပြီးသော ဈေးကွက်ကို ထိန်းသိမ်း ရန်၊ ခိုင်မာစေရန်နှင့် ဈေးကွက်သစ်များ ချဲ့ထွင်ရန်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ထိုင်းသစ်သီးတင်ပို့ခဲ့မှုသည် ဘတ် ၃၀၀ ဘီလီယံရှိခဲ့ပြီး ယခုနှစ်တွင် ဘတ် ၃၁၂ ဘီလီယံသို့ ရောက်ရှိရန် မျှော်မှန်းထားကြောင်းသိရသည်။

ထိုင်းနိုင်ငံအစိုးရက သစ်သီးများနှင့် စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုမြှင့်တင်ရန်အတွက် စီမံချက်ရေးဆွဲဆောင်ရွက်ခြင်း ဖြစ်ပါသည်။ လုပ်ငန်းကြီးများ၏ ဘဏ္ဍာငွေတောင့်တင်းမှုနှင့် ဈေးကွက်ရရှိမှုကို လုပ်ငန်းငယ်များက ယှဉ်ပြိုင်ရန် ခက်ခဲသဖြင့်

လုပ်ငန်းကြီးများအား လုပ်ငန်းငယ်များကို လက်တွဲခေါ်ရန် အားပေးလျက်ရှိသည်။ ကုန်သွယ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ စဉ်ဆက်မပြတ်မှုနှင့် ပင်ရင်းစည်းမျဉ်းများသည် ပို့ကုန်များအတွက် အရေးကြီးသောကြောင့် အဆိုပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရန်နှင့် ဈေးကွက်ခိုင်မာမှုရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်ရသည်။

**Soruce:** www.bangkokpost.com

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (6.3.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,621 (Shares) | 15,364,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1,115 | 9,143,000 | 33,109,694 | 271,500 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 1,323 | 3,841,700 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 54 | 415,800 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,550 | 1,550 | 1,500 | 68 | 105,250 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 3 | 7,500 | 12,823,224 | 32,058 |
| EFR | 00006 | 1,750 | -50 | -2.78% | 1,750 | 1,750 | 1,750 | 225 | 393,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 833 | 1,457,750 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 6th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.21 | -0.28 | -0.08% | 355.49 | 355.49 | 354.18 | 3,621 | 15,364,750 | 8 | 669,992 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Mar. 2024

| Trading Volume | Trading Value |
|---|---|
| 3,621 (Shares) | 15,364,750 (MMK) |

### Main Board

As of 1:00 pm, 6th Mar. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,621 (Shares) | 15,364,750 (MMK) |

| MYANPIX | 355.21 ▼ 0.28 |
|---|---|
| Total Volume (shares) | 3,621 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,992 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,750 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |

TIR